ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (15-6-2008) (၅၇၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုင်းဖြတ်-မိုင်းယောင်းလမ်း အဆင့်မြှင့်တင်မှုနှင့် လမ်းပိုင်းအခြေအနေများ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကြည့်ရှုစစ်ဆေး မိုင်းယောင်းဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၈နာရီတွင် မိုင်းဖြတ်-မိုင်းယောင်းလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ မိုင်းဖြတ်-မိုင်းယောင်းလမ်း မိုင်တိုင်အမှတ်(၁၂)၌ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဝမ်ဖကျေးရွာရှိ ဝမ်ဖတံတားသို့ ရောက်ရှိပြီး ပြန်လည်တည်ဆောက်ထားသည့် တံတား၏ကြံ့ခိုင်မှုအခြေအနေကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်-မိုင်းယောင်းလမ်း မိုင်တိုင်အမှတ်(၃၂) မိုင်(၃)ဖာလုံသို့ ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက လမ်းပိုင်းအခြေအနေများနှင့် စပ်လျဉ်း၍ ၂၀၀၈-၂၀၀၉ ခုနှစ် လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းယောင်းမြို့သို့ ရောက်ရှိပြီး မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***

ရောဝတီတိုင်း ဘိုကလေးမြို့တွင် လယ်ယာသုံးထွန်စက်များ ရောက်ရှိနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထား ကူညီလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၄

ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် စာနာထောက်ထား၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ကူညီလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၏ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၁၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများကို ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားအနီး၊ ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီအနီး၊ ရန်ကုန်မြို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror **ယနေ့ ဆောင်းပါးအညွှန်း**

"လေဘေးသင့် ပြည်သူတွေကို ငွေကြေး၊ ပစ္စည်း စသည်ဖြင့် ထောက်ပံ့ကူညီ လှူဒါန်းနေကြတဲ့ ပုဂ္ဂိုလ်များဟာလည်း လိုအပ်နေတဲ့အချိန်မှာ လိုအပ်တာကို လှူဒါန်းခွင့်ရတဲ့ 'ကာလဒါန'မျိုး ဖြစ်တာကြောင့် အလွန်မွန်မြတ်တဲ့အလှူဒါနမျိုးပဲ ဖြစ်ပါတယ်။"

လှိုင်အောင်၏ "ပို၍ ကံကောင်းကြပါစေ" (ဆောင်းပါး) စာမျက်နှာ-၆

ကြေးမုံ
The Mirror
၁၅-၆-၂၀၀၈
(တနင်္ဂနွေနေ့)

ရေကြီးမှုအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်

အနောက်တောင်မုတ်သုံလေသည် မြန်မာတစ်နိုင်ငံလုံးသို့ လွှမ်းခြုံဝင်ရောက်ခဲ့ပြီဖြစ်ရာ ယခုနှစ်မိုးဦးရာသီ စတင်ရောက်ရှိနေပြီဖြစ်သည်။ မေလအတွင်း မုန်တိုင်းများ ဖြစ်ပေါ်ခဲ့ပြီး မိုးဦးကောင်းသည့်အတွက် ယင်းတို့နှင့် ဆက်စပ်၍ မြစ်ရေကြီးမှုများလည်း ဖြစ်နိုင်သည်။

မြန်မာနိုင်ငံတွင် ဇွန်၊ ဇူလိုင်လများသည် မိုးဦးမိုးကောင်းသော ကာလများဖြစ်ရာ နိုင်ငံမြောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ မြစ်၊ ချောင်းများ ရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မြစ်ငယ်မြစ်နှင့် ပဲခူးမြစ်တို့၏ သက်ရောက်ရာ ဒေသများဖြစ်သည့် ဘားအံ၊ တောင်ငူ၊ မဒေါက်၊ ဟုမ္မလင်း၊ မော်လိုက်၊ ကလေးဝ၊ ကသာ၊ ညောင်ဦး၊ မင်းဘူး၊ ဟင်္သာတ၊ မြစ်ငယ်နှင့် ပဲခူးမြို့တို့သည် မိုးဦး၊ မိုးလယ်ကာလများ၌ နှစ်အလိုက် မြစ်ရေကြီးမှု ဖြစ်ပေါ်တတ်သဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်၊ ချောင်း၊ ကမ်းနံဘေးတို့တွင် နေထိုင်ကြသူများအနေဖြင့် မိမိတို့ မြို့ရွာရှိ အခြေခံ ရေစစ်မျဉ်းအထက် မြစ်ရေတက်မှု အမှတ်အသားများကို နေ့စဉ်ကြည့်ရှုကြရမည် ဖြစ်သည်။

မြစ်ကမ်းဘေးရှိ မြစ်ရေတာပေါင်ရိုးများ မြှင့်တင်ခြင်း၊ တာပေါင်ရိုးတစ်လျှောက် စစ်ဆေးခြင်း၊ သဲအိတ်၊ ကျောက်အိတ်များ ကြိုတင်စုဆောင်းထားရှိခြင်း၊ မြို့ရွာ၊ ရပ်ကွက် ရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းတို့ကို သက်ဆိုင်ရာတို့က အလေးထား စီမံဆောင်ရွက်ထားကြရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေး ဖြစ်ပေါ်တတ်သည်ဖြစ်ရာ ပြည်သူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ကြိုတင်သတိပေး နှိုးဆော်ချက်များကို သတိပြုလိုက်နာခြင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများက အချိန်အခါ ရာသီမလပ် လိုအပ်သည့် ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ငန်းများကို လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများမှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။ ။

ကံ့ကော်တစ်ထောင် သာသနာ့ဗိမာန် ပြန်လည်ပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၄

ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင် သာသနာ့ ဗိမာန်တော်ကြီးသည် မေ ၂ရက်တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ သို့ပါ၍ ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကေလာသ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဆောင်ကာ ပြန်လည်ပြုပြင် တည်ဆောက်သွားမည် ဖြစ်သဖြင့် စေတနာရှင်များသည် ဖုန်း-၀၉၈၅၉၁၁၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ကွယ်လွန်သူ ဦးလှအောင် (မန်နေဂျာ၊သစ်လုံးရောင်း၌ာနစု)အား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် ၁၉၈၄ ခုနှစ် လက်ထောက်မန်နေဂျာ (ရောင်း/စက်)သူငယ်ချင်းများက ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေကျပ်၄၅၀၀၀၀လှူဒါန်းရာဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးခင်ငြိမ်း လက်ခံယူစဉ်။
(က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စင်ကာပူသမ္မတနိုင်ငံ ရွှေကျောင်းဆရာတော် လေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၄

အလှူရှင် စင်ကာပူသမ္မတနိုင်ငံ ရွှေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗန်ရှီဗာဇော့ (Van Shi Fazho, Golden Pagoda Buddhist Temple)က လေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၂၀၀နှင့် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)သို့ အလှူငွေ ကျပ်သိန်း ၅၀တို့ကို ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမသို့ လာရောက်ပေးအပ် လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ပြည်သူများအတွက် စင်ကာပူသမ္မတနိုင်ငံ ရွှေကျောင်းဆရာတော် ဗန်ရှီဗာဇော့ (Van Shi Fazho, Golden Pagoda Buddhist Temple)က အလှူငွေကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်းစဉ်။
(လူမှုဝန်ထမ်း)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ကျောက်တန်းမြို့နယ် လေဘေးသင့်ကယ်ဆယ်ရေးစခန်းများသွားရောက်ကြည့်ရှု

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လေ့လာရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr. Samlee Plianbangchang သည် ဇွန် ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လမ်းမတော် လမ်းရှိပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်သို့ သင်ကြားရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးကူညီခြင်းနှင့် သင်ကြားမည့်ဆရာ၊ ဆရာမများ အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့်အဖွဲ့သည် ဇွန် ၁၃ရက် နံနက်ပိုင်းတွင် ကျောက်တန်းမြို့နယ် တံတားမြို့ လေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား အလုပ်သင်ဆရာဝန်များ၏ စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လေဘေးကယ်ဆယ်ရေးစခန်း ယာယီရွက်ဖျင်တဲများ၌ နေထိုင်သည့် မိသားစုများအား ရင်းနှီးပွင့်လင်းစွာ လိုက်လံနှုတ်ဆက်အားပေးကြပြီးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်ဆောင်ရွက်ပေးထားသည့် သောက်သုံးရေများကို ကလိုရင်းဆေးခတ်၍ အသုံးပြုမှုနှင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲထားရှိမှုများကို လေ့လာကြသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့က တံတားမြို့ လေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် အဓိကဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှမြင့်တို့က လက်ခံကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ မြဦးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့သည် တံတားမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လေဘေးသင့်ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများ၊ အမျိုးသားကုသဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ မွေးကင်းစကလေးကုသခန်း၊ အမျိုးသမီးလူနာကုသဆောင်၊ ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ဆောင်များကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သိရှိလိုသည့် မေးမြန်းချက်များကို ဒုတိယဝန်ကြီးကရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရှေ့တောင်အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူးDr. Samlee Plianbangchang ကျောက်တန်းမြို့နယ် တံတားမြို့ လေဘေး ကယ်ဆယ်ရေးစခန်း အတွက် ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

ဝန်ကြီးဌာန၏လုပ်ငန်းများရော၊ မိမိတို့လုပ်ငန်း၏လုပ်ငန်းတာဝန်များကိုပါ တိုးတက်အောင်မြင်အောင် အဆင့်ဆင့်သော ဝန်ထမ်းများအနေဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ ခုနှစ် ကျောင်းနေ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့သည် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျောင်းနေ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပသည့်နေ့ဖြစ်၍ မင်္ဂလာရှိသည့်နေ့ တစ်နေ့ပင်ဖြစ်ကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီး ဌာနအနေဖြင့် ဦးစီးဌာနနှင့် လုပ်ငန်းများ၏ နှစ်ပတ်လည်နေ့များကို ရည်ရွယ်ချက်(၂)ရပ်ဖြင့် ကျင်းပလေ့ရှိကြောင်း၊ ယင်းရည်ရွယ်ချက်(၂)ရပ်မှာမိမိတို့ဌာနအတွက် ပေးအပ်သည့် လုပ်ငန်းတာဝန်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အောင်မြင်အောင်ဆောင်ရွက်ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုခြင်းပင် ဖြစ်ကြောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် ယမန်နှစ်က ချမှတ်ခဲ့သည့်လုပ်ငန်း တာဝန် (၇)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၈ - ၂၀၀၉ ခုနှစ်တွင် လုပ်ငန်းတာဝန် (၉) ရပ်ကို ချမှတ်ပြီးဖြစ်ရာ ယင်းလုပ်ငန်းတာဝန်များကိုအောင်မြင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းတာဝန် (၉)ရပ်မှာ-

၁။ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန်၊

၂ ။ အသုံးစရိတ်များကို လျှော့ချပြီး ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်ရရှိရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်၊

၃ ။ နိုင်ငံတော်၏ မူဝါဒနှင့်အညီ မြန်မာစာပေမြှင့်တင်ရေးလုပ်ငန်းများနှင့်စာပေလောကနှင့်စာပေလောကသားများဘဝတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊

၄ ။ စာပေလောကသားများ အမျိုးသားအကျိုးစီးပွားဘက်မှပိုမိုပူးပေါင်းဆောင်ရွက်လာအောင်ကြိုးပမ်းဆောင်ရွက်ရန်၊

၅ ။ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကိုင်တွယ်နေသည့် ပုံနှိပ်စက်များ အမြဲ Function ဖြစ်နေစေရေးနှင့် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊

၆ ။ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအားလုံး ခေတ်နှင့်အညီတိုးတက်လာစေရေးဆောင်ရွက်ရန်၊

၇ ။ လုပ်ငန်းအပ်နှံလာသော နိုင်ငံတော်အဖွဲ့အစည်း အသီးသီး၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးရန်၊

၈ ။ အဘက်ဘက်မှ ခြိုးခြံချွေတာရန်၊

၉ ။ စိုက်ပျိုးရေး မွေးမြူရေးဇောက်ချတိုးချဲ့ဆောင်ရွက်ပြီး ဝန်ထမ်းများ၏သက်သာချောင်ချိရေးကို ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် တို့ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ဆုချီးမြှင့်ခြင်းခံရသော စက်ရုံဝန်ထမ်းများအနေဖြင့် နောင်နှစ်များတွင် ဆုဆက်လက်ရရှိအောင် ကြိုးပမ်းကြရန်နှင့် ဆုချီးမြှင့်ခြင်း မခံရသေးသူများကလည်း နောင်နှစ်များတွင် ဂုဏ်ပြုဆု ချီးမြှင့်ခြင်းခံရအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မုန်တိုင်းသင့်ဒဏ်ခံခဲ့ရသောပြည်သူများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးအဆင့် သတ်မှတ်ပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ချက်များကို မိမိတို့ မီဒီယာကလည်း တစ်ဖက်တစ်လမ်းမှ အစွမ်းကုန် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများရော၊ မိမိတို့လုပ်ငန်း၏ လုပ်ငန်းတာဝန်များကိုပါ တိုးတက်အောင်မြင်အောင် အဆင့်ဆင့်သော ဝန်ထမ်းများအနေဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်းကောင်းသောယှဉ်ပြိုင်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့အား ၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ် ကျောင်းနေ ဝန်ထမ်းသားသမီးများအား ဗလာစာအုပ်နှင့် ပညာသင်စရိတ်အဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၈၆ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၃၇၀၄၄၄၀ ကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ခုနှစ်အတွက် စံပြစက်ရုံဆု ရရှိသော အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံမှ စက်ရုံမှူးအား စံပြစက်ရုံဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသော ဝန်ထမ်း ၁၂ ဦးနှင့် လူမှုထူးချွန်တံဆိပ် ရရှိကြသော ဝန်ထမ်းနှစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက စက်ရုံအလိုက် ထောက်ပံ့ငွေများကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများအားလုံးအတွက် တူညီဝတ်စုံစရိတ် ထောက်ပံ့ငွေများကို လည်းကောင်း တာဝန်ရှိသူများအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဝန်ထမ်းများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းဌာန ခြောက်ခုတို့မှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအား လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း နေပြည်တော် ပုံနှိပ်စက်ရုံ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မျိုးမြင့်ကစာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့်ဝန်ထမ်းများအားလည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကတက်ရောက်လာကြသည့်ဝန်ထမ်းများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇ - ၂၀၀၈ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံမှ စက်ရုံမှူးအား စံပြစက်ရုံဆုကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော် ပုံနှိပ်စက်ရုံ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သိုပုံနှိပ် စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း စက်ရုံအလိုက် ထောက်ပံ့ငွေများနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ ဝန်ထမ်းများအားလုံးအတွက် တူညီဝတ်စုံစရိတ် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒေသအလိုက် မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၄

ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့် ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်တို့တွင် အနောက်တောင်မုတ်သုံလေသည် အားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိနေသည်။ အဆိုပါ မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

မုတ်သုံလေအားကောင်းမှုကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ယနေ့ညနေမှ နောက် ၇၂ နာရီအထိ နေရာအနှံ့အပြားမိုးရွာသွန်းပြီး နေရာကွက်ကျားမှ ဒေသအလိုက် မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မွန်ပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၁၄

မွန်ပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ ကျင်းပရာ ရှေးဦးစွာ ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဌေးဆင့်က ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မဟော်ဂနီပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကသစ်ပင်မျိုးစုံကို တပျော်တပါး စိုက်ပျိုးကြရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

မွန်ပြည်နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မဟော်ဂနီ၊ အော်ရေရှား၊ ပေါက်ပန်းဖြူနှင့် မယ်ဇလီ သစ်ပင်ပျိုးပင် ၁၄၂၀၀ ကို စိုက်ပျိုးပေးလျက်ရှိသည်။

ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် မော်လမြိုင် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး နည်းပညာတက္ကသိုလ်၌ အရိပ်ရ သစ်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးမည့် မြေနေရာများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနရှိ (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနအလိုက် မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၄

၂၀၀၈ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ ရေ၊ လေ)ရုံး၊ ဌာနအလိုက် စခန်းမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁၂ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးကွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ယှဉ်ပြိုင်

ယင်းနောက် ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး ဘောလုံးအသင်းနှင့် စစ်ရေးချုပ်ရုံး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ငပုတော‌မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဇွန် ၉ ရက်တွင် ဧရာဝတီတိုင်း ငပုတောမြို့နယ် ပြင်ခရိုင် ကျေးရွာကွပ်ကဲရေးရုံး၌ နယ်မြေခံတပ်ရင်းမှူးနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများ၊ စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များနှင့် တွေ့ဆုံပြီး လေဘေးသင့် ကျေးရွာများ ပြန်လည်ထူထောင်ရေး၊ စာသင်ကျောင်းများပြီးစီးမှုအခြေအနေ၊ လက်တွန်းထွန်စက်နှင့် စက်ပစ္စည်းများ ရောက်ရှိမှု၊ မိုးရာသီဖြစ်၍ ကျန်းမာရေးကိုအထူးဂရုပြုဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြင်ခရိုင် ကျေးရွာအုပ်စု လေဘေးသင့်သည့် လှည်းလမ်းကွင်း မြောက်ရွာတွင် ရွှေသံလွင်ကုမ္ပဏီမှ စတုဒိသာကျွေးလှူပွဲနှင့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာလူထုအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းမှုကို ကြည့်ရှုအားပေးပြီး အဝတ်အထည်များ ပေးအပ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အုတ်တွင်းကျေးရွာသို့ ရောက်ရှိပြီး ယာယီကျေးရွာတည်ဆောက်မှုနှင့် မြေနေရာ အကွက်ချထားမှုကိုကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဘုန်းတော်ပြည့်ကျေးရွာသစ်သို့ ပြောင်းရွှေ့နေထိုင်မည့် ဘုန်းတော်ပြည့်ကျေးရွာနှင့် ခုံကြီးကျေးရွာများမှ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ သတ်မှတ်ပေးထားသည့် အိမ်နေရာကွက်သို့ စနစ်တကျ ပြောင်းရွှေ့နေထိုင်ရေး၊ ကျန်းမာရေး ဂရုစိုက်ရေးများကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဇွန် ၁၀ရက်တွင် ပြင်ခရိုင်ကျေးရွာ ကွပ်ကဲရေးရုံး၌ ငပုတောမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပညာရေး၊ စိုက်ပျိုးရေး တာဝန်ခံများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက ယခုထက်ပိုပြီး အရှိန်အဟုန်မြင့် အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြင်ခရိုင်ကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ ရောက်ရှိလှည့်လည်ကြည့်ရှုပြီး လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ရေယာဉ်ဖြင့်ထွက်ခွာလာရာ ကမ်းဘေး ဝဲ၊ ယာတစ်လျှောက် ဆားကွင်းများနှင့် လယ်ယာမြေများကို ကြည့်ရှုပြီး အောင်ခိုင်ကျေးရွာဟောင်းသို့ ရောက်ရှိရာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကြိုဆို၍သောင်လေးရွာသစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် သက်ကယ်သောင်ကျေးရွာ အုန်းချောအထက်တန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖနှင့် ကျေးရွာလယ်သမားများအား တွေ့ဆုံပြီး စာသင်ကျောင်းများ အမြန်ဆုံးပြုပြင် တည်ဆောက်ပြီး စာသင်ကြားရေး၊ မျိုးစပါးများရရှိရေး၊ လက်တွန်း လယ်ထွန်စက်များရရှိပြီး အမြန်ထွန်ယက် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ကျေးရွာအတွင်းရှိလေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသည့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် အုတ်တွင်းကျေးရွာသို့ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်မြောင်း ဝါဆိုဦး အထူးတရားပွဲ

ရန်ကုန် ဇွန် ၁၄

တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ သာသနဟိတ ဓမ္မာရုံကြီး၌ ဝါဆိုဦးတရားအလှူအဖြစ် အထူးတရားပွဲကို သုံးညတိုင်တိုင် ပေးလှူမည်ဖြစ်ရာ ဇွန် ၁၆ ရက်နှင့် ၁၇ရက်တို့တွင် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ဆရာတော် ဦးသုမင်္ဂလ (မိဂဒါဝုန်ကျောင်းတိုက်-မန္တလေး)နှင့် ဇွန် ၁၈ ရက်တွင် ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့ ရောက်ရှိပြီး ဓမ္မိကာရုံကျောင်းတိုက်ရှိ မာလာကုန်းကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များမှ လေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၀၀ အား အလှူရှင် စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗန္ဒရှိဖာဇော့နှင့် တပည့် ဒါယကာ၊ ဒါယိကာမများနှင့်အတူ ဆန်၊ စားသောက်ဖွယ်ပစ္စည်းစုံတို့ကို ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇဝနတိက္ခအား ကျောင်းဆောင်သစ် ပြုပြင်ရန် အလှူငွေကျပ် ၁၀ သိန်းနှင့် မာလာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ပြန်လည်တည်ဆောက်ရန် အလှူငွေကျပ် သိန်း ၃၀ အား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) ဝန်ကြီးရုံး ဧည့်ခန်းမ၌ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် အလှူရှင် စင်ကာပူသမ္မတနိုင်ငံ ရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗန္ဒရှိဖာဇော့နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းသော ငွေကျပ် သိန်း ၂၀၀၊ ဦးပွင့်ကောင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုဇွန်)မိသားစုက လှူဒါန်းသော ငွေကျပ် သိန်း ၂၀ တို့ကို လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၄

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ စေတနာရှင် ပြည်သူများက ငွေကျပ် ၆၂၅၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၁၄၃၅၃၀ နှင့် ငွေကျပ် ၅၂၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန် ပစ္စည်းမျိုးစုံ၊ တနင်္သာရီတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံးပစ္စည်းများ၊ ရန်ကုန်တိုင်းရှိ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၃၅၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၄သိန်း အပါအဝင် စေတနာရှင် ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၇၆၂၆၀၃၀ ဖြစ်ရာ ဇွန် ၁၃ ရက်အထိလှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၂၂၈၂၉၅၂၆၃၆ ကျပ်ရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဓမ္မစာပေသင်တန်းနှင့် အောင်လက်မှတ်ပေးအပ်ပွဲ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင်ကျောင်းတိုက် ရတနာမဥ္ဇူ(ထားဝယ်)ကျောင်း မဟာသရဏဗျူဟာအဖွဲ့ချုပ်(ဗဟန်း)က ဖွင့်လှစ်သော လယ်တီမဟာသရဏဂုံတော်ကြီးသင်တန်းနှင့် မဟာသတိပဋ္ဌာနသုတ်တော်သင်တန်းကို ဇွန် ၂၁ ရက်မှစ၍ (စနေ၊ တနင်္ဂနွေနေ့တိုင်း) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ပိဋကတ်ပညာရှင် ဆရာကြီးဦးချမ်းသာ (အဘိဝံသ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်၊ ဓမ္မစာပေဆုများရှင်)က ဓမ္မဒါန ပို့ချမည်ဖြစ်၍ ဖုန်း-၅၅၂၈၂၁၊ ၅၅၂၆၄၁၊ ၅၄၀၈၅၇ တို့သို့ ကြိုတင်စာရင်းပေးတက်ရောက်နိုင်ကြောင်းနှင့် ၁၃၆၉ ခု ဒသမအကြိမ် လယ်တီမဟာသရဏဂုံတော်ကြီးစာမေးပွဲတွင် ဗဟန်းစာဖြေဌာနမှ အောင်မြင်ကြသူများအား အောင်လက်မှတ်ပေးအပ်ဂုဏ်ပြုချီးမြှင့်ပွဲကိုလည်း သင်တန်းဖွင့်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်၍ ဖိတ်ကြားထားကြောင်း သိရသည်။(က-ပ)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ ရန်ကုန်တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ သင်ကြားရေးလုပ်ငန်း အရည်အသွေး မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားကာ စာသင်ခန်းများအတွင်း စာမေးပွဲစစ်ဆေးရန် ကြိုတင်စီစဉ်ထားရှိမှု၊ စာသင်ဆောင်များ ပြန်လည်ပြုပြင်ပြီး အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ၁ နာရီခွဲတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းရှိ ငုဝါဆောင် ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုကာ ကျောင်းသူများအား စာကြိုးစားသင်ယူရန်၊ လိမ္မာယဉ်ကျေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့်ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းများသို့ရောက်ရှိပြီး စာသင်ဆောင်များ၊ စာသင်ခန်းများ၊ သင်ကြားသင်ယူမှု အထောက်အကူပြု စာသင်ခန်းမများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုပ္ပားကျောင်းစေတီဘုရားများ အနေကဇာတင်မည်

ရန်ကုန် ဇွန် ၁၄

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် တည်ထောင်မှု (၅၅)နှစ်မြောက်ဖြစ်သော ဇွန် ၁၈ ရက် နံနက်၉နာရီတွင် ပုပ္ပားကျောင်းဆရာတော် ဦးကုမာရအား အမှူးထားလျက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး၍ အောင်တော်မူစေတီ၊ ကပ်ကျော်ရွှေစေတီ၊ မဟာမြတ်မုနိဘုရားကြီး၊ သိဒ္ဓိရှင် စေတီ၊ နဂါးရုံဘုရားကြီး၊ လိုတိုင်းရ တတိုင်းပြီး စေတီ၊ ဦးဝါယမမဟာ စေတီ၊ ကမ္ဘာလုံးငွေစေတီ၊ ပတ္တမြား စေတီ၊ ပြည့်ဝဘုရား၊ မြို့ဒေါင့်အေးငြိမ်းချမ်းသာစေတီ၊ ဓမ္မာရုံဆွမ်းစားကျောင်း၊ သဲပုံစေတီ၊ ခတ်ပေါင်း စေတီ၊ ပဠဝဂ္ဂီ ဘုရား၊ အဓိဋ္ဌာန် မော်ကွန်းတိုက်သတ္တဌာန ဘုရားများကို အနေကဇာတင်ပြီး နယုန်လပြည့် မဟာသမယနေ့ညတွင် မဟာသမယသုတ်နှင့် ပဌာန်းဒေသနာဖြင့် ပူဇော်ကြမည်ဖြစ်သည်။ လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၆၀၀၀၂၈ နှင့် ၆၀၀၂၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး တရားနာ ရေစက်ချပွဲ လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် Thai Myanmar Association for Friendship ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag က အမေရိကန်ဒေါ်လာ ၈၇၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ ဇွန် ၁၃ ရက်တွင် လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ကိုချင်းရွှေနှင့် မရီရီချို မိသားစု မန္တလေးက ငွေကျပ် ၁၀ သိန်း၊ တနင်္သာရီတိုင်း မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ငွေကျပ် တစ်သိန်း၊ သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ငွေကျပ်သုံးသိန်း၊ Mr.Sc Woong Oh, A&C Value Co., Ltd, Thailand က အမေရိကန်ဒေါ်လာ ၅၀၀၊ Embassy of the Union of Myanmar, Tokyo မှ တစ်ဆင့် ယူရို ၉၀၉၀၁၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Bansarn Bunnag သည် Thai Myanmar Association for Friendship ကိုယ်စား အမေရိကန်ဒေါ်လာ ၈၇၀၀၊ Mr. Takagi Nobuo &Staffs of Oska Shi Koo Tsu Kyo Ku ,Japan က အမေရိကန်ဒေါ်လာ ၃၁၁ တို့ဖြစ်သည်။

ဇွန် ၁၃ ရက်က လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၄ သိန်း၊ အမေရိကန်ဒေါ်လာ ၉၅၁၁နှင့် ယူရိုငွေ ၉၀၉၀၁ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော အစားအစာများ၊ အိမ်သုံးဆေးဝါးများ၊ ပလတ်စတစ်စများ၊ ခြင်ထောင်များ၊ စောင်များ၊ ကွန်ပျူတာပစ္စည်းများ၊ ပလတ်စတစ် ဖျာကြမ်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ခေါင်းအုံးများ၊ အိပ်ရာများ၊ ခြင်ဆေးများ၊ လွှများ၊ သံများ၊ အစားအစာများ၊ ငှက်ဖျားဆေးများ၊ ကိုယ်ပူကျဆေးများ၊ ဝမ်းရောဂါကာကွယ်ဆေးများ စုစုပေါင်း ၆၂ ဒသမ ၃၅၆ တန်သည် IL-76 လေယာဉ်သုံးစင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ဇွန် ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀၊ နံနက် ၁၁နာရီ ၁၅မိနစ်၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀နှင့် မွန်းလွဲ ၂နာရီ ၅၅ မိနစ်တို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော မိုးကာတဲများ၊ ရေသန့်ဘူးများ၊ အသင့်စား ခေါက်ဆွဲထုပ်များ၊ ပဲနို့များ၊ ကွတ်ကီးများ၊ နွားနို့များ၊ မုန့်များ စုစုပေါင်း ၁၈ ဒသမ ၈၉ တန်သည် C-130 လေယာဉ်သုံးစင်းဖြင့် နံနက် ၉ နာရီ၊ နံနက် ၉ နာရီ ၃၂ မိနစ်နှင့် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရနှင့်ပြည်သူများမှပေးပို့သော ဆန်များ၊ ဆေးဝါးများ၊ လျှပ်စစ်မီးကြိုးများ၊ မိုးကာဖျင်များ၊ နိုင်လွန်ကြိုးများ စုစုပေါင်း ၂၃ ဒသမ ၆၆ တန်သည် C-130 လေယာဉ်နှစ်စင်းတို့ဖြင့် နံနက် ၁၁ နာရီ ၁၅မိနစ်၊ မွန်းလွဲ ၁နာရီ၁၅မိနစ်တို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ပဲခူးတိုင်း(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက စက်မှုလယ်ယာမှ လက်တွန်းလယ်ထွန်စက်များကို ကားပေါ်သို့ သယ်ယူပို့ဆောင်ပေးစဉ်။

(ရထားပို့ဆောင်ရေး)

ပို၍ကံကောင်းကြပါစေ

လှိုင်အောင်

ကောင်းဆိုးနှစ်တန် လောကဓံတရားဆိုတာ လူပုဂ္ဂိုလ်တစ်ဦးချင်းသာမက လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံတွေအထိ တွေ့ကြုံခံစားကြရတတ်တာ ဓမ္မတာပါပဲ။ ဧရာဝတီမြစ်ဝကျွန်းပေါ် တောင်ပိုင်းဒေသနဲ့ ရန်ကုန်မြို့ကို ဖြတ်သန်းတိုက်ခတ်သွားတဲ့ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဟာ မြန်မာနိုင်ငံသားတွေအတွက်တော့ ကံကြမ္မာဆိုးတစ်ခုပါပဲ။ လူတွေ သိန်းနဲ့ချီပြီး သေဆုံး၊ ပျောက်ဆုံးခဲ့ကြရလို့ ချစ်ခင် တွယ်တာရတဲ့ ဆွေမျိုးမိသားစုတွေ ပျက်စီးဆုံးပါးရတဲ့ 'ဉာတိဗျသန'၊ မိမိတို့ရဲ့ အိုးအိမ်စည်းစိမ် ပိုင်ဆိုင်မှုတွေ ပျက်စီးဆုံးရှုံးရတဲ့ 'ဘောဂဗျသန' စတဲ့ ဗျသနတရားတွေနဲ့ လွဲရှောင်မရ ကြုံခဲ့ကြရတာဟာ ဗုဒ္ဓတရားတော် အရဆိုရင်တော့ မိမိတို့ရဲ့ အတိတ်ကာလတွေမှာ ပြုမိခဲ့ဖူးကြတဲ့လုပ်မှား၊ ကိုင်မှား အကုသိုလ်ကံတရားတွေရဲ့ အကျိုးပေးမှု အလှည့်ကျလာခဲ့တဲ့ အတွက်လို့ ဆိုရမှာပါပဲ။

ဒါပေမယ့်လည်း မုန်တိုင်းဒဏ်မှာ မသေမပျောက် ကျန်နေခဲ့ကြတဲ့ သူတွေအတွက်ကတော့ ဒီလောက်ပြင်းထန်တဲ့ မုန်တိုင်းကြားမှာ ဒီလို အသက်မသေဘဲ ကျန်နေခဲ့ကြတာကိုက သေကံမရောက် သက်မပျောက် ဆိုတာလို ဥ ပစ္ဆေဒကကံနဲ့ ရှောင်လွှဲနိုင်တာဟာ ရှေးကမိမိတို့ရဲ့ ကုသိုလ်ကောင်းမှု အကျိုးပေးတွေကြောင့် အလွန်ကံကောင်းတယ်လို့ ဆိုရမှာပါ။ ပြောရမယ်ဆိုရင် အသက်ရှင်နေသရွေ့ မျှော်လင့်ချက် တွေ ရှိနေသေး တယ်ဆိုတဲ့ စကားပုံလိုပါပဲ။ 'မနုဿတဘာဝေါ ဒုလ္လဘော' ဆိုတဲ့ ရတောင့်ရခဲ လူ့ဘဝကိုရလာခဲ့တဲ့အချိန်မှာ ကြီးမားတဲ့ အသက်ဘေးအန္တရာယ်တွေကြားက မသေမပျောက် ရှင်သန်ကျန်ရစ်ခဲ့တဲ့ မိမိတို့ရဲ့ ဘဝတွေကို ဘယ်လို အကောင်းဆုံး ဖြစ်အောင် ကြိုးပမ်းနေထိုင်သွားကြမလဲဆိုတာဟာ 'ဖိုးကံကောင်း-မယ်ကံကောင်း' တွေအတွက် အရေးအကြီးဆုံး ကိစ္စပါပဲ။

အခုလို ကံကောင်းလက်စကနေ ပိုပြီးကံကောင်းဖို့အတွက်ဆိုရင်တော့ ကံကောင်းလာဖို့အတွက် ရေလာမြောင်းပေးဆိုတာလို ကောင်းတဲ့ကံ၊ ကုသိုလ်အလုပ်တွေနဲ့ လမ်းခင်းပေးရမှာပါ။ ကောင်းတဲ့ကံဆိုတာကလည်း စိတ်၊ စေတနာက အရင်းခံဖြစ်တာမို့ 'ယောနိသော မနသိကာရ' သင့်တင့်မျှတစွာ နှလုံးသွင်းနိုင်ဖို့က အဓိကပါပဲ။ ကိုယ့်ကိုယ်ကို ဒီလိုဖြစ်ရလေခြင်း၊ ဆွေမျိုး၊ အိမ်ရာ၊ ကျွဲနွားတွေ ဆုံးရှုံးရလေခြင်းဆိုပြီး ဝမ်းနည်းပူဆွေးမဆုံးဖြစ်နေရင် သောကပရိဒေဝဆိုတာတွေကလည်း အကုသိုလ်တရားတွေပဲမို့ ကောင်းတဲ့ကံတွေ ဝင်မလာနိုင်ဘူးဆိုတာ သတိချပ်ကြစေချင်ပါတယ်။ မိမိတို့အပေါ် ကူညီလှူဒါန်းထောက်ပံ့မှုတွေအပေါ် နည်းသည်/များသည်၊ လိုချင်တာရသည်/မရသည် စသည်ဖြင့် လောဘကနေတစ်ဆင့် ဒေါသတွေ ပွားနေပြန်ရင်လည်း အလားတူပါပဲ။ အမှန်တကယ် မိမိတို့စိတ်ထဲမှာ နှလုံးသွင်းသင့်တာကတော့ သက်ရှိ/သက်မဲ့ မှန်သမျှရဲ့ မတည်မြဲတဲ့ အနိစ္စသဘောကို တရားနဲ့အညီ ဆင်ခြင်ပြီး ဖြေသိမ့်နိုင်ဖို့၊ မိမိကိုစိတ်ရင်း စေတနာအမှန်နဲ့ ကူညီလှူဒါန်းလာကြတဲ့သူတွေအပေါ်'မေတ္တာ'ပွားဖို့ရှေ့ကိုလည်း ဒီထက်မက လှူနိုင်ကူနိုင်ကြတဲ့ပြည့်စုံသူတွေ ဖြစ်ကြပါစေဆိုပြီး 'မုဒိတာ'ပွားဖို့ပါ။ ဒီလို ဗြဟ္မစိုရ်တရားတွေကို ပွားများရင်းနဲ့ 'အတ္တာဟိအတ္တနောနာထော' မိမိကိုယ်ကိုသာ အားကိုး အားထားပြုပြီး ကြိုးစားပြန်လည် ထူထောင်သွားမယ်ဆိုရင် ကံကောင်းခြင်းလက်ဆောင်တွေ ရောက်ရှိလာမှာမလွဲပါဘူး။

လေဘေးသင့်ပြည်သူတွေကို ငွေကြေး၊ ပစ္စည်း စသည်ဖြင့် ထောက်ပံ့ ကူညီလှူဒါန်းနေကြတဲ့ပုဂ္ဂိုလ်များဟာလည်း လိုအပ်နေတဲ့ အချိန်မှာ လိုအပ်တာကို လှူဒါန်းခွင့်ရတဲ့ 'ကာလဒါန'မျိုး ဖြစ်တာကြောင့် အလွန် မွန်မြတ်တဲ့ အလှူဒါနမျိုးပဲ ဖြစ်ပါတယ်။

ဒီလိုမွန်မြတ်လှတဲ့ အလှူဒါနကုသိုလ်ကောင်းမှုမျိုးမှာ ခိုင်ရာသံစွဲ မြဲရာသံပတ်ဆိုတာလို မြတ်သထက်မြတ်တဲ့ 'တိဟိတ်ဥက္ကဋ္ဌကုသိုလ်' အဖြစ် 'ပုဗ္ဗ၊ မုဉ္စ၊ အပရ' မလှူမီ၊ လှူဆဲ၊ လှူပြီးကာလတွေမှာ ဉာဏ်ပညာဦးစီးတဲ့ စိတ်စေတနာ ဖြူစင်စွာနဲ့ လှူဒါန်းနိုင်မယ် ဆိုရင်တော့ အကောင်းတကာ့ထိပ်ခေါင် အမြတ်တကာ့ထိပ်သီး ကြီးမြတ်လှတဲ့ ကုသိုလ်ကောင်းမှုဖြစ်သွားပါလိမ့်မယ်။

မလှူမီကာလမှာ လေဘေးသင့်ပြည်သူတွေရဲ့ ကြီးမားစွာထိခိုက်ခံစားခဲ့ရတဲ့ ဒုက္ခတွေအပေါ်မှာ စာနာသနားတဲ့စိတ်နဲ့ ဒီဒုက္ခဆင်းရဲက လွတ်မြောက်ပါစေလို့ ရည်သန်တဲ့ ကရုဏာတရားကို ပွားများနေရင် ပုဗ္ဗစေတနာက ဖြူစင်မွန်မြတ်သွားပြီ ဖြစ်ပါတယ်။

လှူဆဲကာလမှာလည်း အလှူခံပုဂ္ဂိုလ်အပေါ် လေးလေးစားစား ပေးလှူတဲ့ 'သက္ကစ္စဒါန'၊ ကိုယ်တိုင် ကိုယ်ထိလက်ရောက်ပေးလှူတဲ့ 'သဟဿိတဒါန' မြောက်အောင်၊ သေသေချာချာ လေးလေးစားစား ပေးလှူမယ်ဆိုရင် မွန်မြတ်တဲ့ ပဏီတဒါနကုသိုလ် ဖြစ်သွားပါပြီ။

လှူပြီးကာလမှာလည်း မိမိလှူဒါန်းလိုက်တဲ့ ငွေကြေး၊ ပစ္စည်းတွေကြောင့် လေဘေးသင့်ပြည်သူတွေ အဆင်ပြေသွားကြတာ တွေ့မြင်ပြီး မိမိရဲ့ဒါနအပေါ် ဝမ်းမြောက်ဝမ်းသာကြည်နူးစွာနဲ့ နောက်တစ်ခါ အဖန်ဖန်ထပ်ပြီး လှူချင်တဲ့ သဒ္ဓါစိတ်တွေ ကွန့်မြူးနေမယ်ဆိုရင် အပရစေတနာမှာလည်း ဖြူစင်မွန်မြတ်နေပြီမို့ ရှေ့နောက်နှစ်တန် ကုသိုလ်ခြံရံတဲ့ ပထမတန်းစားကောင်းမှုကုသိုလ်တစ်ခုအဖြစ် ဆိုနိုင်ပြီဖြစ်ပါတယ်။ ဒီလိုကုသိုလ်မျိုးမှပဲ လုပ်သလောက် အကျိုးပေးတဲ့ ကုသိုလ်မျိုးဖြစ်ပါတယ်။ ဒီလို အလှူဒါနမျိုးကို ရေစက်ချလှူဒါန်းမယ်ဆိုရင် ကံမကောင်း အကြောင်းမလှလို့ လေဘေးမှာ အသက်ဆုံးပါးသွားရရှာသူများကိုလည်း ရည်စူးပြီးတော့ အမျှအတန်းများ ပေးဝေစေလိုပါတယ်။ အဲဒီလိုအမျှအတန်းပေးဝေခြင်းဟာလည်း 'ပတ္တိဒါန' ဆိုတဲ့ ပုညကြိယာကောင်းမှုတစ်မျိုးဖြစ်တဲ့အတွက် ကောင်းမှုရှင်အတွက် ကောင်းမှုတွေ ဆက်သွားမှာဖြစ်ပါတယ်။

အခုတလောရုပ်မြင်သံကြားမှာသတိပေးနေရတဲ့မြင်ကွင်းတစ်ခုလို ကားပေါ်ကနေအလှူပစ္စည်းတွေ ပစ်ချကြဲချပြီး နောက်ကနေ မြေကြီးပေါ်မှာ အလှူခံပုဂ္ဂိုလ်တွေကတရုန်းရုန်းနဲ့ပြေးလွှားလုယက်ကောက်ယူနေကြတဲ့ပုံတွေ တွေ့မြင်ရတာကတော့ စိတ်မချမ်းမြေ့စရာပါပဲ။ ဒီလို ပုံစံမျိုးနဲ့လှူတာဟာ'ဒါနဒါသ'လို့ခေါ်တဲ့ ကျွန်တွေကို စွန့်ကြဲပေးကမ်းတဲ့ ပုံစံမျိုးဖြစ်နေတာကြောင့်'ဟီနဒါန' လို့ခေါ်တဲ့ယုတ်ညံ့သောအလှူမျိုး ဖြစ်သွားပါတယ်။ ဒီလိုအလှူမျိုးဟာ ဓမ္မစေတီဆရာတော် မိန့်ကြားတော်မူသလိုမျိုးအပျော်သဘော(လောဘမူသောမနဿစိတ်) နဲ့ ဦးစီးပြီးလှူတာမျိုးဖြစ်နေရင် အကုသိုလ်ရှေ့ပြေးနဲ့ ဉာဏ်ပညာမပါတဲ့ (ဉာဏဝိပ္ပယုတ်)အလှူမျိုး ဖြစ်နေတာမို့ ပုဗ္ဗစေတနာမှာရော မုဉ္စစေတနာမှာရော အားနည်းသွားမှာ ဖြစ်ပါတယ်။

အဲဒီလို လှူတာတွေဟာ စနစ်တကျမရှိဘဲ အလှူခံတွေကို ဘေးအန္တရာယ်ဖြစ်စေနိုင်တာမို့ တာဝန်ရှိသူတွေကတားဆီးတဲ့အခါ တာဝန်ရှိသူတွေကို ငါတို့လှူတာတားရကောင်းလားဆိုပြီးမကျေမနပ်ဖြစ်ရင် 'ဒေါသ'၊'ဒို့ကတော့လှူချင်ပါရဲ့၊သူတို့ကတားထားလို့မလှူရတော့ဘူး' ဆိုပြီး တာဝန်ရှိသူတွေနဲ့ အလှူခံပုဂ္ဂိုလ်တွေကြားမှာ အမုန်းပွားစရာ သွေးထိုးစကား ပြောခဲ့မယ်ဆိုရင် 'ပိသုဏဝါစာ' ကုန်းတိုက်ချောပစ်စကားဖြစ်လို့ ဝစီဒုစရိုက်ဖြစ်သွားပြီး လှူပြီးနောက် အပရစေတနာလည်း ညစ်နွမ်းသွားမှာဖြစ်ပါတယ်။

မွန်မြတ်လှတဲ့ အလှူဒါန ကုသိုလ်ကောင်းမှုမျိုးမှာ ခိုင်ရာသံစွဲ မြဲရာသံပတ်ဆိုတာလို မြတ်သထက်မြတ်တဲ့ 'တိဟိတ်ဥက္ကဋ္ဌကုသိုလ်' အဖြစ် 'ပုဗ္ဗ၊ မုဉ္စ၊ အပရ' မလှူမီ၊ လှူဆဲ၊ လှူပြီးကာလတွေမှာ ဉာဏ်ပညာဦးစီးတဲ့ စိတ်စေတနာဖြူစင်စွာနဲ့ လှူဒါန်းနိုင်မယ် ဆိုရင်တော့ အကောင်းတကာ့ထိပ်ခေါင် အမြတ်တကာ့ထိပ်သီး ကြီးမြတ်လှတဲ့ ကုသိုလ်ကောင်းမှုဖြစ်သွားပါလိမ့်မယ်။

ဒီလိုစေတနာသုံးတန် ညစ်နွမ်းနေမှတော့ ကိုယ်ပြုခဲ့တဲ့ ကာလဒါန အကျိုးထူးပေးမယ့်အလှူဟာ 'သံပရာတစ်ခြမ်းနဲ့ကျေ' ဆိုတာလို မသိနားမလည်လို့၊ နှလုံးသွင်းမမှန်လို့ ဖြစ်လာတဲ့ စေတနာညစ်နွမ်းမှုတွေကြောင့် လုပ်သလောက်အကျိုးမပေးဘဲ သာမန်အညံ့စား ကုသိုလ်မျိုးအဖြစ်နဲ့ အကျိုးပေးမှာလည်း နုံချာသွားတာမျိုး ဖြစ်တတ်ပါတယ်။

ဒါကြောင့် လမ်းတစ်လျှောက်မှာတွေ့တဲ့ အလှူခံပုဂ္ဂိုလ်တွေကို လှူချင်ရင်လည်း စည်းကမ်းတကျ ကားရပ်ပြီးမှ ကိုယ်ထိလက်ရောက် လှူစေချင်ပါတယ်။ တတ်နိုင်ရင် သူတို့ရဲ့ကျေးရွာ နေအိမ်တွေအထိ လိုက်ကြည့်ပြီး မုန့်ပဲသရေစာသာမက ပိုပြီးလိုအပ်မယ့်အရာတွေကိုပါ လှူပေးနိုင်ရင် ပိုပြီးကောင်းပါလိမ့်မယ်။

တစ်ခုသိထားသင့်တာကတော့ အဲဒီပုဂ္ဂိုလ်တွေထက် ပိုပြီးဆင်းရဲဒုက္ခရောက်နေပြီး အိုးမဲ့အိမ်မဲ့၊ ပိုင်ဆိုင်မှု ဘာမှမရှိရှာတော့တဲ့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဒုက္ခသည်တွေဟာ ရှေ့မှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ အများကြီးရှိသေးတယ်ဆိုတာပါပဲ။ ဒါကြောင့် ဖြစ်နိုင်ရင် ပိုပြီးလိုအပ်ချက်ကြီးမားတဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလှူရတာ ပိုပြီးအကျိုးကြီးပါတယ်။

ဒီထက်မက စွမ်းနိုင်သေးရင်တော့ ကယ်ဆယ်ရေးစခန်းတွေကိုတောင် ရောက်မလာနိုင်ရှာတဲ့ အစွန်အဖျား ချောင်ကြိုချောင်ကြားမှာ ကုပ်ကပ်ပြီးကျန်နေတဲ့ ဒုက္ခသည်အိမ်စုကလေးတွေအထိ ရောက်အောင်သွားပြီး ကူညီထောက်ပံ့လှူဒါန်းနိုင်ပါတယ်။ ရှေ့ကိုပိုပြီးရောက်သွားလေ ပိုပြီးဒုက္ခဆင်းရဲခံစားရတဲ့ အလှူခံပုဂ္ဂိုလ်တွေကိုတွေ့ပြီး ပိုပြီးအကျိုးကြီးမားတဲ့ အလှူဒါနတွေကို ပြုနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကံကောင်းထောက်မလို့ 'ကာလဒါန' ပြုခွင့်ရကြတဲ့ 'ဘောဂသမ္ပတ္တိ' နဲ့ ပြည့်စုံကြတဲ့ စေတနာရှင် အလှူရှင် ပုဂ္ဂိုလ်များ အနေနဲ့ ကံကောင်းသည်ထက် ပို၍ကံကောင်းကြစေဖို့ စေတနာသုံးတန် နှလုံးသွင်းမှန်ကန်စွာနဲ့ လှူတတ်၊ လှူနိုင်ကြပါစေလို့ မုဒိတာအပြည့်နဲ့ ဆန္ဒပြုလိုက်ပါရစေ။

စေတနာရှင်များ ပို၍ကံကောင်းကြပါစေ။ ။

ရေသန့်စင်စက်

ဇွန် ၁၄ ရက်က ထူးထရေးဒင်း ကုမ္ပဏီလီမိတက်နှင့် Air Bagan တို့မှ လှူဒါန်းထားသော ရေသန့်စင်စက်များနှင့် ရေသိုလှောင်ထားမှုတို့ကို တွေ့ရစဉ်။

(သတင်းစဉ်)

ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာများ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းကျေးရွာတွင် ပပဝင်းဆေးရုံသင်္ဘောဖြင့် အထူးကုဆရာဝန်များနှင့် သူနာပြု ဆရာ၊ဆရာမများက လေဘေးသင့်ခံရသည့် ရွာသူ၊ရွာသားများအား ဆေးဝါးများ ကုသပေးနေစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းရွာအနီး ပပဝင်းဆေးရုံသင်္ဘောရောက်သည်နှင့် ကမ်းနားတွင်လူများစုရုံးရောက်ရှိနေသည်ကို တွေ့ရသည်။ လေဘေးသင့်ခံရသည့် မမွေးကျွန်းရွာမှ ရွာသူ၊ ရွာသားများအား ဆေးဝါးကုသပေးရန် ဒေါက်တာမိုးဟိဏ်း ဦးဆောင်သော အထူးကုဆရာဝန်များ ဆေးရုံသင်္ဘောပေါ်တွင် ပါရှိလာသည်။ ပပဝင်းဆေးရုံသင်္ဘော ကမ်းနားကပ်လိုက်သည်နှင့် ကျန်းမာရေးစစ်ဆေးခံမည့်လူများ သင်္ဘောပေါ်သို့ တက်ရောက်လာလေသည်။

ပပဝင်းဆေးရုံသင်္ဘောပေါ်သို့ ကျေးရွာများမှပြည်သူများ လှေများဖြင့် လာရောက်ဆေးကုသလျက်ရှိစဉ်။

ကူးစက်ရောဂါမရှိ

ဆေးရုံသင်္ဘောပေါ်၌လူနာအသီးသီးကို အထူးကုဆရာဝန်များက ဆေးဝါးကုသ ပေးလျက်ရှိရာ အများအားဖြင့် ယခင်က ဖြစ်မြဲ ရောဂါများသာ ဖြစ်ပွားမှုရှိကြပြီး လေဘေးဒဏ်ခံရပြီးနောက်ပိုင်း ကူးစက်ရောဂါများဖြစ်ပွားမှုမှာ လုံးဝမရှိသလောက်ပင်။

တွေ့ဆုံမေးမြန်း

ပပဝင်းဆေးရုံသင်္ဘောပေါ်သို့တက်ရောက်ကာ ဆေးဝါးကုသမှု ခံယူနေ

ကူးစက်ရောဂါ မရှိပါဘူး။
ဒေါက်တာမိုးဟိဏ်း
(အဖွဲ့ခေါင်းဆောင်)

သေသေချာချာ စစ်ဆေးကုသပေးကြပါတယ်။ မစန်းစန်းငွေ
(ဆေးဝါးကုသမှုခံယူသူ)
ကျုံလမုရွာ

သော ကျုံလမုရွာမှ မစန်းစန်းငွေနှင့် တွေ့ဆုံမေးမြန်းရာ "လေဘေး သင့်ခံရပြီးကတည်းက ညဘက် အိပ်မပျော်ဘူး၊ နှလုံးတုန်ပြီး မောသလိုမျိုး ခံစားရတယ်။ ဒါ့ကြောင့် စိတ်ရောဂါ အထူးကုနဲ့ လာပြတာပါ။ သေသေချာချာ စစ်ဆေးကုသပေးကြပါတယ်" ဟု ဖြေကြားသည်။ စိတ်ရောဂါအထူးကုဆရာဝန်ဒေါက်တာ စိုင်းကျော်ခမ်းက မည်သို့နေထိုင်သင့်ကြောင်းကို ဂရုတစိုက်ပြောကြားကာ ဆေးဝါးများပေးသည်။ ထိုဆေးများမှာ နောက်တစ်ကြိမ် ဆေးရုံသင်္ဘော ပြန်လည်ရောက်ရှိလာမည့် အချိန်အထိ ပေးလိုက်ခြင်းဖြစ်သည်။

ကုသမှုခံယူ

ပပဝင်းဆေးရုံသင်္ဘောသို့ အနီးဝန်းကျင်ကျေးရွာများမှ လှေများဖြင့် လာရောက်ဆေးကုသမှု ခံယူသူများကိုလည်း တွေ့ရသည်။ ကလေးငယ်များ၊ သက် ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ ခံစားနေရသူများ အများဆုံး

ကျန်းမာရေးကတော့ ဘာမှမဖြစ်ပါဘူး။
ဒေါ်ချို(ပူထီရွာ)

ကျောင်းပုံမှန်ပြန်ဖွင့်နေပါပြီ။
ဒေါ်ဇာဇာဝင်း(မူလတန်းပြ)
မမွေးကျွန်းရွာ။

လာရောက်ကုသမှု ခံယူနေကြသည်။ ဆေးဝါးကုသမှုနှင့်ပတ်သက်ပြီးဆေးဝါးကုသမှုအဖွဲ့ ခေါင်းဆောင် ဒေါက်တာမိုးဟိဏ်းက "ကျေးရွာတွေကို ကျွန်တော်တို့အခုလိုဆေးရုံသင်္ဘောနဲ့ကုသတဲ့အခါ လာပြတဲ့လူနာတွေ အကုန်ကြည့်ရှုကုသပေးတယ်။ ပြီးမှ နောက်တစ်ရွာ ဆက်သွားတယ်။ ဆေးတွေလည်း လုံလုံလောက်လောက် ပေးခဲ့ပါတယ်။ ကူးစက် ရောဂါမရှိပါဘူး" ဟု ပြောကြားသည်။

ပုံမှန်ပြန်ဖွင့်

ထို့နောက် မမွေးကျွန်းရွာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားများအား စာသင်ကြားမှုကို လေ့လာရာ မူလတန်းပြ ဆရာမ ဒေါ်ဇာဇာဝင်းက "ဒီကျောင်းမှာ ကျောင်းသား စုစုပေါင်း ၃၀၀ရှိတယ်။ ကျောင်းက ပုံမှန်ပြန်ဖွင့်နေပါပြီ။ ကျောင်းဆောင်တစ်ဆောင် ပျက်စီးသွားပေမယ့် အခု ပုံမှန်အတိုင်း ပြန်ပြီးစာသင်နိုင်ပါသည်။ ကျောင်းသားတွေလည်း စာအုပ်စာတမ်းတွေ ပုံမှန်အတိုင်း ဖြန့်ဝေပေးထားနိုင်ပါပြီ" ဟု ပြောကြားသည်။ စာသင်ခန်း အတွင်း ကျောင်းသားလေးများ စာသင်ကြားနေမှုကို ခေတ္တကြည့်ရှုပြီးနောက် တစ်ရွာသို့ ခရီးဆက်ခဲ့သည်။

မမွေးကျွန်းကျေးရွာအနီးရှိ ပူထီရွာသို့ ရောက်သောအခါ နေအိမ်များ ပြန်လည်ပြင်ဆင်ပြီး ဖြစ်နေသည်ကို တွေ့ရသည်။ ပူထီရွာ၌ နေထိုင်သူ ဒေါ်ချိုအားမေးမြန်းရာ "အိမ်တွေ ပြန်ဆောက်ပြီးပါပြီဒီနေ့မှာဆန်နဲ့ ကုလားပဲတွေ လာပေးသွားတယ်။ ကျန်းမာရေးကတော့ ဘာမှမဖြစ်ပါဘူး။ လယ်ယာလုပ်ငန်းလည်း ပြန်လုပ်နေကြပါပြီ။ ထောက်ပံ့တဲ့ပစ္စည်းတွေရပါတယ်" ဟု ပြောပြသည်။ ပူထီရွာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှုကြောင့် နေအိမ်များ ပုံမှန်အတိုင်း ပြန်ဖြစ်နေသည်ကို တွေ့ရသည်။

ထို့နောက် သရက်ချောင်းရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ သရက်ချောင်းပတ်ဝန်းကျင်တွင် လယ်ယာမြေများ ထွန်ယက်စိုက်ပျိုးနေသည်ကိုတွေ့ရသည်။တချို့က ကျွဲ၊နွားများ အသုံးပြု ထွန်ယက်နေသလို တချို့က စက်ကိရိယာများဖြင့် ထွန်ယက်နေသည်။ သရက်ချောင်းကျေးရွာ၌ နေထိုင်သူ ဒေါ်ကြည်မော်က ပြောကြားရာတွင် "ကျွန်မတို့ရွာက လေဘေးသင့်ခံရတာ အထိအခိုက်တော့ရှိပေမယ့် ဆိုးဆိုးရွားရွား မဖြစ်ခဲ့ပါဘူး။ မျိုးစပါးတွေလည်း အပျက်အစီး သိပ်မရှိခဲ့လို့ အခုဆိုရင် လယ်ယာလုပ်ငန်းခွင် ပြန်ဝင်နေကြပါပြီ။ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့လည်း ရွာထဲမှာကူးစက်ရောဂါရယ်လို့ မကြားမိပါဘူး။ ဆေးရုံသင်္ဘောလည်း ရောက်နေတာမို့ နာမကျန်းဖြစ်သူတွေလည်း သွားပြကြပါတယ်" ဟု ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မမွေးကျွန်း၊ သရက်ချောင်း၊ ပူထီ၊ ကျုံလမု ကျေးရွာတို့တွင် ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်နေမှုများမှာ ပုံမှန်အတိုင်း ဖြစ်နေသည်ကို မြင်တွေ့ခဲ့ရပါကြောင်း ကွင်းဆင်းသတင်းခရီး ရေးသားလိုက်ရပါသည်။ ။

မမွေးကျွန်း မူလတန်းလွန်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်နေကြပေပြီ။

မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းမူလတန်းလွန်ကျောင်းကို ဤသို့တွေ့ရသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား

အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan သည် ယနေ့ နံနက် ၁၀ နာရီတွင် မရမ်းကုန်း မြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ လာရောက်တွေ့ဆုံကာ မုန်တိုင်းဒဏ်ခံရသည့် လေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ထွန်းခိုင်တို့လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား အာဆီယံ အတွင်းရေးမှူး ချုပ် **Dr. Surin Pitsuwan** လာရောက်တွေ့ဆုံစဉ်။ (လူမှုဝန်ထမ်း)

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လပွတ္တာမြို့မှ ရေယာဉ်များဖြင့် ထွက်ခွာသွားကြစဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ရေယာဉ်များဖြင့်ထွက်ခွာ

ရန်ကုန် ဇွန် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့ကကြီးမှူး၍ လပွတ္တာမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၄၉ ဦး ပါဝင်သော အဖွဲ့(၂)သည် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင် ဦးဆောင်၍ ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့)၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် (၄၃)ဦး ပါဝင်သော အဖွဲ့(၄) သည် မွန်ပြည်နယ် ခရိုင်အလုပ်အမှုဆောင် ဦးစိုင်းညီညီလွင် ဦးဆောင်၍ ဇွန် ၁၁ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာသို့လည်းကောင်း၊ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၄၉ ဦး ပါဝင်သော အဖွဲ့(၃)သည် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲဝင့်လှိုင် ဦးဆောင်၍ ဇွန် ၁၂ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် ဆင်ခြေရာ (သယ်န်းကြီး)ကျေးရွာသို့လည်းကောင်း ရေယာဉ်များဖြင့် အသီးသီးထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့များတွင် ဆေးဝါးအပြည့်အစုံဖြင့် ဆရာဝန်တစ်ဦးစီပါဝင်ပြီး ဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များလာရောက်ပူးပေါင်းပါဝင်

ရန်ကုန် ဇွန် ၁၄

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပြန်လည်တည် ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် ပူးပေါင်းပါဝင်ရန် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ အသင်းဝင်အင်အား ၁၀၀ သည် ကဝမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးဝင်း ခေါင်းဆောင်၍ ဘိုကလေးမြို့သို့ ဇွန် ၈ ရက်တွင် ရောက်ရှိပြီး ဘိုက လေးမြို့အတွင်းရှိ မြို့မဈေးကြီးကို မြို့နယ် နယ်စပ်စည်ပင် ဝန်ထမ်းများ နှင့်ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ခုတ်ထွင်ရှင်းလင်း

အလားတူ စက်မှုလယ်ယာဦးစီး ဌာနက ကျေးရွာများအတွက်ပေးပို့ သော လက်တွန်းထွန်စက်များကို တပ်ဆင်မည့်နေရာအထိ သယ်ပိုး ဆောင်ရွက်ပေးကြကာ အောင် တော်မူ ဘုရားကြီး ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ လဲပြို နေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင် ရှင်းလင်းကြသည်။

ထွက်ခွာ

အဆိုပါ ပဲခူးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များသည် ဒေးဒရဲမြို့ ပြန်လည်တည် ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ ရန် ဇွန် ၁၁ ရက်တွင် ဒေးဒရဲမြို့သို့ ဆက်လက်ထွက်ခွာ သွားကြသည်။ (သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းများ၌ ကလေးသူငယ် ၂၁၈၀အား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး

ရန်ကုန် ဇွန် ၁၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများ၌ အသက် ကိုးလမှ ၁၀နှစ်အထိ ကလေးသူငယ် များအား ဝက်သက်ရောဂါ ကာကွယ် ဆေးထိုးခြင်း လုပ်ငန်းများကို ကွင်း ဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်အထိ ကလေးသူငယ် ၂၁၈၀ တို့ကို ဝက်သက်ရောဂါ ကာကွယ် ဆေး ထိုးနှံပေးပြီးကြောင်း ကျန်းမာ ရေးဝန်ကြီးဌာန ကာကွယ်ဆေးထိုး လုပ်ငန်း စီမံချက် မန်နေဂျာ ဒေါက်တာ သန်းထိန်ဝင်းက သတင်း အဖွဲ့သို့ ပြောကြားသည်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁)(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ မုဒုံမြို့နယ်သို့ ကွင်းဆင်းလေ့လာ

ရန်ကုန် ဇွန် ၁၄

ဆေးတက္ကသိုလ်(၁)(ရန်ကုန်) နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့သည် ကာကွယ်ရေးနှင့် လူမှုရေးဆေး ပညာဘာသာရပ်၏ သင်ရိုးညွှန်းတမ်းအရ မွန်ပြည်နယ် မုဒုံမြို့နယ်သို့ ဇွန် ၇ ရက်မှ ၂၂ ရက်အထိ ကွင်းဆင်း၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို လက်တွေ့ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး ပြည်သူ့ကျန်းမာရေးနှင့် စပ်လျဉ်း သော လေ့လာချက်စာတမ်း (လေထုညစ်ညမ်းမှုနှင့် ဆေးလိပ်သောက်သုံးမှု အန္တရာယ်)ကိုလည်း မြို့မနှင့် ကျေးလက်နေအိမ်များတွင် စစ်တမ်းကောက် ယူ၍ စာတမ်းပြုစုကြမည်ဖြစ်သည်။ **(ယာပုံ)**

ထို့အပြင် မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဌေး ကလည်း ဌာနဖွဲ့စည်းပုံနှင့် ပြည်သူ့ကျန်းမာရေးစီမံချက်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများသည် ကျေးလက်ကျန်းမာ ရေးဌာနများသို့ ကွင်းဆင်းလေ့လာသွားကြမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၀၈ (တနင်္ဂနွေနေ့)

AM&PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သောတပန်ဂုဏ်ရည်" တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၇း၅၀ - ၁း၅၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၃၅ - ၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀ - ၂း၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ'ဒါရိုက်တာ'
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	ကျန်းမာရေးအတွက်အားထားရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	Yangon Panorama
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	ကလသာပူရ၏ နှလုံးသားပွဲတင်သံ
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	မီးမီးရဲ့ဆုံးဖြတ်ချက်(ရုပ်ရှင်သရုပ်ဆောင်များ)
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	သတ္တုစပ်နည်းပညာမှသည်အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၀၀ - ၆း၀၀	ACTIVITIES IN THE CITY
၁၂း၃၀ - ၆း၃၀	VJ CHOICE
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ ရှေ့ဖုံးမှ

ဦးဌေးဝင်းက မြို့နယ်၏ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမည့်အခြေအနေ၊ နွေစပါးရိတ်သိမ်းပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးမှု၊ ဒေသဆန်နှင့်ဆီ ဖူလုံမှု၊ ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းစိုက်ပျိုးမှု၊ ရော်ဘာစိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းယောင်းဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ပိုမိုကြိုးစား ဆောင်ရွက်ကြရန်လိုကြောင်း၊ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် သီးနှံများအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့လုပ်ကိုင်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာကို သိရှိနားလည်ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ဝတ်စုံများကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့အတွက် ဝတ်စုံများကိုလည်းကောင်း၊ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ဒေသထွက်ပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းယောင်းမြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မိုင်းယောင်းမြို့နယ်အတွင်း စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများ အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းယောင်းမြို့၌ ရပ်နားသည်။ (သတင်းစဉ်)

အောင်ဆန်းမြို့ တပ်ဦးကျောင်းဆရာတော် ဩစတြေးလျသို့ သာသနာပြုခရီးကြွရောက်

ရန်ကုန် ဇွန် ၁၄

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၇၇) ပဓာနနာယက မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်၏ နာယက၊ ပြည်တွင်း၊ ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဒါယကာ၊ ဒါယိကာမများ၏ ပင့်ဖိတ်ချက်အရ မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း တရားစခန်း ဟောကြားဖွင့်လှစ်ရန် ကပ္ပိယကာရက ဦးစိုးအောင်လိုက်ပါလျက် ဇွန် ၁၃ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ထိုင်းလေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြွရောက်တော်မူရာ တပည့်ဒါယကာ ဒါယိကာမများက ပို့ဆောင်ဖူးမြော်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ဆရာတော်သည် ဇူလိုင် ၁၇ ရက် နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်တော်မူပြီး ဇူလိုင် ၁၉ ရက်မှ ၂၉ ရက်အထိ (၁၁၆)ကြိမ်မြောက် ၁၀ ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးတို့က ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၄

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိကြရာ ကချင်ပြည်နယ်မှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ် ၂၀၅၀၂၀၀၀ တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၇ စီးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၆၉၅၀၀ ကိုလည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၁၅၉၃၆၀ကိုလည်းကောင်း၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၃၈၉၂၀၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်း မျိုးစုံတို့ကို လည်းကောင်း၊ ပဲခူးတိုင်းမှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ် ၇၉၅၀၇၅၀၀ တန်ဖိုးရှိ ကျွဲ ၁၇၅ကောင်၊ မျိုးစပါး ၃၈၂၅ တင်းနှင့် ဝါးအလုံး ၅၀၀၀၀ ကို လည်းကောင်း၊ မကွေးတိုင်းမှ တပ်မတော်သား မိသားစုများက အလှူငွေကျပ် ၂၅၂၀၀၀၀ ကိုလည်းကောင်း ပေးအပ် လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၂၉၀၀၀၀အပါအဝင် စေတနာရှင် ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၀၇၉၄၀၃၆၀ ဖြစ်ရာ ယနေ့အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း ၁၂၃၉၀၈၉၂၉၉၆ ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ခင်ပြုံးကြည် ဦးဆောင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်များ ရန်ကုန်တိုင်း ဒလမြို့နယ် နေတ်ကျေးရွာနှင့် ပျော်ဘွယ်ကြီးကျေးရွာများရှိ လေဘေးသင့်ပြည်သူများအား ဆေးကုသပေးစဉ်။ (ကျန်းမာရေး)

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ရှိ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးရန် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ဆရာဝန်များနှင့် ဝန်ထမ်းများ လမ်းမတော်ဆိပ်ကမ်းမှ သင်္ဘောဖြင့် ထွက်ခွာသွားကြစဉ်။ (ကျန်းမာရေး)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၄

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော မိုးကာတဲများ၊ အသက်ကယ်လှေ ၁၇ စင်း၊ IT ပစ္စည်းများ၊ ရေဘူးခွံများ၊ ဆေးဝါးမျိုးစုံ၊ မီးသီးများ၊ ပလတ်စတစ်စများ၊ သစ်သီးခြောက်များ၊ ဖျော်ရည်များနှင့် မြွေပွေး အဆိပ်ဖြေဆေးများ စုစုပေါင်း ၆၀ ဒသမ ၁၈ တန်သည် IL-76 လေယာဉ်သုံးစင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀၊ နံနက် ၁၁ နာရီ၊ မွန်းလွဲ ၁၂နာရီ မိနစ် ၅၀ နှင့် မွန်းလွဲ ၂ နာရီခွဲတို့တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော မိုးကာတဲများ၊ ရေသန့်ဘူးများ၊ ရေပုံးများ၊ နိုင်လွန်ကြိုးများ စုစုပေါင်း ၂၁ ဒသမ ၆၉ တန်သည် C-130 လေယာဉ် လေးစင်းတို့ဖြင့် နံနက် ၉ နာရီ၊ နံနက် ၉ နာရီ ၂၅ မိနစ်၊ နံနက် ၉ နာရီ မိနစ် ၅၀နှင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တို့တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ လှူဒါန်းသော တာပေါ်လင်ထုပ် ၁၈၀ စုစုပေါင်း ၁၉ တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်း လမ်းပိုင်းများပြုပြင် လပွတ္တာ-သယ်ံနီးကြီး-ပြင်စလူလမ်း စတင်ဖောက်လုပ်

ရန်ကုန် ဇွန် ၁၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က အရှည် ၃၅မိုင်နှစ်ဖာလုံရှိ လပွတ္တာ-သယ်ံနီးကြီး-ပြင်စလူ ကားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဇွန် ၁၁ ရက် နံနက်ပိုင်းမှ စတင်ပြီး ဆောင်ရွက်နေပြီဖြစ်သည်။

လေဘေးကြောင့် ပျက်စီးသွားသော အရှည် ၁၈ မိုင် ၆ ဖာလုံရှိ လပွတ္တာ-သယ်ံနီးကြီးလမ်းပိုင်း၌ မြေကြီးတာပေါင်မြှင့်ခြင်း၊ ယခင် အကျယ် ပေ ၂၀ မှ ၄၂ ပေသို့ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် မြန်ဆန်စွာ ပြီးစီးအောင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

Crisis Management ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် "Crisis Management" ဟောပြောပွဲကို ဇွန် ၂၁ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech Corporation ရှိကွန်ဖရင့်ခန်းမ၌ ဒေါက်တာအောင်ထွန်းသက်က ဟောပြောဆွေးနွေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး Myanmar Info-Tech Corporation (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း- ၆၅၂၂၃၈သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံကို ဗဟိုပြု၍ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၄

၂၀၀၈ ခုနှစ် ဇွန် ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၆နာရီ ၁၈မိနစ် ၃၀စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၀၀၀ ခန့် ကွာဝေးသောနေရာ (ဂျပန်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၇း၅၅ ၅။ ရုပ်မြင်ရသတေးစုကဏ္ဍ
၈း၀၀ ၆။ The Homeland Commonly Owned.
၈း၄၅ ၇။ International News.
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "အမှတ်တရအလွဲများ" (လွင်မိုး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-မောင်သီ)**
၁း၅၅ ၆။ တေးဂီတအစီအဉ်
၂း၁၀ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၂း၄၅ ၈။ International News.
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၆။ ညနေခင်းသတင်းများ
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ **"ကျော်သွားမှာလား. . . ဖော်စားမှာလား" (ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန် အောင်အောင်၊ မယ်လိုဒီ) (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)**
၆း၄၅ ၉။ တေးဂီတအစီအစဉ်
၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၅)**
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁၀)**
၁၅။ အစီအစဉ်ပြီး၏။

အမေရိကန်နိုင်ငံ အိုင်အိုဝါးပြည်နယ် ဆီဒါရားပစ်မြို့တွင် မြစ်ရေလျှံကာ ရေကြီးနေသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး တိုးတက်မှု ၂၀၀၈ခုနှစ်တွင် နှေးကွေးမည်ဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်

ဝါရှင်တန် ဇွန် ၁၃

ကမ္ဘာ့စီးပွားရေးလောကတွင် ချေးငွေဆိုင်ရာ အကျပ်အတည်း၊ စက်မှုနိုင်ငံများတွင် စီးပွားရေး ကျဆင်းမှု၊ ငွေကြေး ဖောင်းပွမှုနှုန်း မြန်ဆန်စွာမြင့်တက်လာမှုစသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသည့်အတွက် ၂၀၀၈ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုသည် နှေးကွေးစရာရှိကြောင်းကမ္ဘာ့ဘဏ်က ဇွန် ၁၀ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး သုံးသပ်ချက်နှင့်ကမ္ဘာ့ဘဏ္ဍာရေးအခြေအနေလေ့လာချက်စာတမ်းတွင် ကမ္ဘာ့ဘဏ်ကအထက်ပါအတိုင်းတွက်ချက်မှန်းဆထားခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအချို့တွင်စီးပွားရေးသည် လျင်မြန်စွာတိုးတက်လျက်ရှိသည်။ ထိုနိုင်ငံများတွင် စီးပွားရေးသည် တရားလွန်မြန်ဆန်စွာ တိုးတက်လာပါကလည်း နိုင်ငံ၏ အခြေအနေ ကမောက်ကမဖြစ်နိုင်သည့်အတွက် စီးပွားရေးကို ဇက်သတ်သည့် အရေးယူမှုများ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် သုံးသပ်ထားသည်။

ကမ္ဘာ့ဘဏ္ဍာရေးလောကတွင်မတည်မငြိမ်ဖြစ်ခြင်း၊ စီးပွားရေး ကျဆင်းလာခြင်းစသည့်အခြေအနေများသည် အမေရိကန်တွင် အိမ်ရာဈေးကွက်အခြေအနေပျက်လာရာမှစတင်ဂယက်ရိုက်လာခြင်းဖြစ်သည်။ထိုအခြေအနေမျိုးသာကာလကြာရှည်စွာ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုလျှင် ကမ္ဘာ့စီးပွားရေး အလားအလာသည် ဆိုးရွားသွားနိုင်သည်ဟု ကမ္ဘာ့ဘဏ်က မှန်းဆထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ကျဆင်းမည်ဟုဆိုရာတွင်အရှေ့အာရှဒေသ၊ ပစိဖိတ်ဒေသနှင့် လက်တင်အမေရိကန်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျဆင်းမှု ပိုမိုကြီးမားမည်ဟု လေ့လာချက် အစီရင်ခံစာက ဆိုထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်နေမှု ပူးပေါင်းတိုက်ဖျက်ရန် နိုင်ငံတကာသို့ လုံခြုံရေးကောင်စီ တိုက်တွန်း

ကုလသမဂ္ဂ ဇွန် ၁၃

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နိုင်ငံတကာ အဖွဲ့အစည်းအား အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်နေခြင်းကို ပူးပေါင်းတိုက်ဖျက်ရန် ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်၁၅နိုင်ငံစလုံးက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် အာဖဂန်နစ္စတန်တွင် ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ တိုးပွားလာခြင်းကို အစိုးရိမ်ဆုံးဖြစ်ကြောင်း ဖော်ပြသည်။

လုံခြုံရေးကောင်စီက နိုင်ငံတကာကုန်သွယ်ရေးတွင် ဘိန်းဖြူထုတ်လုပ်ရာ၌အသုံးပြုသော ဓာတုဗေဒပစ္စည်းများကို လေ့လာစောင့်ကြည့်ရန်နှင့် တရားဝင်နိုင်ငံတကာ ကုန်သွယ်မှုမှ အာဖဂန်နစ္စတန်သို့ တရားမဝင် အသုံးပြုရန် လွှဲပြောင်းရောက်ရှိသွားခြင်းကို ကာကွယ်တားဆီးရန် တိုက်တွန်းလိုက်သည်။

တရားဝင် နိုင်ငံတကာ ကုန်သွယ်ရေးမှ ဓာတုဗေဒပစ္စည်းများကို ရာဇဝတ်ဂိုဏ်းများကရွှေ့ပြောင်းအသုံးချနေခြင်းကိုတားဆီးရန်အတွက် ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်သောနိုင်ငံများ၊ အာဖဂန်နစ္စတန်၊ ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် တရားမဝင်သယ်ဆောင်နေသော လမ်းကြောင်းပေါ်မှ နိုင်ငံများ အားလုံးကို နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(အိုင်အင်န်စီဘီ)နှင့် ပူးပေါင်းဆောင်ရွက်ရန် လုံခြုံရေးကောင်စီဝင်၏ဆုံးဖြတ်ချက်က တောင်းဆိုလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုက်ပရပ်စ်၏ အကြီးဆုံး ကဇာတ်ရုံ ခေါင်မိုး ပြိုကျ

နီကိုးရှား ဇွန် ၁၃

ဇွန် ၁၁ရက်ညပိုင်းက ဆိုက်ပရပ်စ်နိုင်ငံရှိ အကြီးဆုံးကဇာတ်ရုံ၏အမိုးပြိုကျမှုဖြစ်ပွားခြင်းကြောင့်ထိုကဇာတ်ရုံကို ပိတ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင်ပြောကြားသည်။

လူ ၁၂၀၀ ဆံ့သည့် နီကိုးရှားမြူနီစီပယ် ကဇာတ်ရုံ၌ ဇွန် ၁၂ ရက်ညနေပိုင်းတွင် ကျောင်းသူ၊ ကျောင်းသားများအား သင်တန်းကာလ ပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ်ကပြဖျော်ဖြေရန် အစီအစဉ်ရှိသည်။

ယင်း ကဇာတ်ရုံကို ၂၀၀၄ ခုနှစ်၌ အကြီးစားပြင်ဆင်မွမ်းမံမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျီဘူတီနှင့် အီရီထရီးယားနယ်စပ် တိုက်ပွဲဖြစ်၊ ကိုးဦးသေဆုံး

ဂျီဘူတီ အက်(စ်)မာရာ ဇွန် ၁၃

အီရီထရီယားနိုင်ငံနှင့်ဂျီဘူတီနိုင်ငံတို့သည်နှစ်နိုင်ငံနယ်စပ်၌သုံးရက်ကြာတိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ဂျီဘူတီ တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးပြီး ၆၀ ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။ အာဖရိကတိုက်၏ အငယ်ဆုံးနှစ်နိုင်ငံဖြစ်သည့် အီရီထရီယားနှင့် ဂျီဘူတီတို့သည် ပင်လယ်နီအတွင်းသို့ဝင်သော မဟာဗျူဟာမြောက် သင်္ဘောလမ်းကြောင်းအား အပေါ်မှဆီးကြည့်နိုင်သည့် နယ်စပ်တစ်လျှောက် ၁၉၉၀ ပြည့်နှစ် နှစ်လယ်ပိုင်းမှစ၍ ပထမဆုံးအကြိမ်အဖြစ် တိုက်ပွဲဖြစ်ပွားခဲ့သည်။

ဂျီဘူတီနိုင်ငံသည်၎င်း၏ပိုင်နက်အတွင်းပြင်သစ်နှင့်အမေရိကန်စစ်စခန်းများ ထားရှိသည်။ တိုက်ပွဲများ ဆက်လက်ဖြစ်နေပြီး ယနေ့အထိ သေဆုံးသူကိုးဦးရှိကာ ၆၀ဒဏ်ရာရရှိခဲ့သည်ဟုနာမည်မဖော်လိုသောဂျီဘူတီ ကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဂျီဘူတီနိုင်ငံသည် အီရီထရီယား ၁၀၀ ကို အကျဉ်းသားများအဖြစ် ဖမ်းဆီးထားကြောင်း သတင်းဌာနများက ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

ကောလာဟလများ တိုက်ဖျက်ရန် အိုဘားမားဝက်ဘ်ဆိုက်တစ်ခုတင်

ဝါရှင်တန် ဇွန် ၁၃

အမေရိကန်ပြည်ထောင်စုဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်း ဘာရက်အိုဘားမားသည် ၎င်း၏အိမ်ဖြူတော်သို့ ရောက်ရှိရေး ကြိုးပမ်းမှုအပေါ် ကောလာဟလများပြောဆိုခြင်းကိုဖြေရှင်းရန်အတွက် ဝက်ဘ်ဆိုက်တစ်ခုကို ဖွင့်လိုက်ကြောင်း ၎င်း၏ရွေးချယ်ပွဲ စည်းရုံးရေးအဖွဲ့က ကြာသပတေးနေ့တွင် ပြောသည်။

အဆိုပါဝက်ဘ်ဆိုက်မှနေ၍၎င်း၏ယုံကြည်ချက်နှင့်မျိုးချစ်စိတ်ဓာတ်၊၎င်း၏ဇနီးက သမ္မတလောင်း ရွေးချယ်ယှဉ်ပြိုင်နေစဉ် ဝေဖန်ပြောကြားချက်တို့အပေါ် အွန်လိုင်းပေါ်မှနေ၍ကောလာဟလ ထုတ်လွှင့်ခြင်းကို တုံ့ပြန်ချေပထားကြောင်း စည်းရုံးရေးအဖွဲ့က ပြောကြားသည်။

ယင်းကဲ့သို့ ဝက်ဘ်ဆိုက်တင်လိုက်ခြင်းသည်အိုဘားမားကို ထောက်ခံသူများအား အခြားသူများကို တုံ့ပြန်ပြောဆိုနိုင်ရန် တွန်းအားပေးလိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ကားပုံးပေါက်ကွဲ သုံးဦးသေဆုံး ၁၅ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ဇွန် ၁၂ရက်က ရဲကွန်မန်ဒိုအဖွဲ့ ကင်းလှည့်နေစဉ် ၎င်းတို့ အနီး၌ ကားပုံးပေါက်ကွဲမှုဖြစ်ပွားရာလူသုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် ရဲကွန်မန်ဒို တစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသူက ဆင်ဟွာသို့ ပြောကြားသည်။ အရပ်သား နှစ်ဦး သေဆုံးပြီးအခြား သုံးဦး ဒဏ်ရာရရှိကြောင်း ထည့်သွင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်အရှေ့မြောက်ပိုင်းတွင် မြေငလျင်လှုပ် အနည်းဆုံးနှစ်ဦးသေဆုံး၍ ဒါဇင်များစွာ ဒဏ်ရာရ

တိုကျို ဇွန် ၁၄

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဇွန် ၁၄ ရက် နံနက်ပိုင်းက အင်အား ၇ ဒသမ ၀ အဆင့်ရှိသော ငလျင်တစ်ခုလှုပ်သွားရာ အနည်းဆုံး နှစ်ဦးသေဆုံးသွားပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာ ရရှိသွားကြောင်း ကျိုဒိုသတင်းက ဖော်ပြသည်။

နံနက် ၈နာရီ ၄၃မိနစ်တွင် လှုပ်သွားသော မြေငလျင်၏ ဗဟိုချက်မှာ တောင်ပိုင်း အိုဝါတီဒေသမြေအောက် အနက် ၁၀ ကီလိုမီတာတွင် တည်ရှိသည်ဟု ဂျပန်မိုးလေဝသ အေဂျင်စီမှ ထုတ်ပြန်သည်။

ဝန်ကြီးအဖွဲ့ရုံး အကြီးအကဲ နိုဘူတာကာ မာချီမူရာက ငလျင်ကြောင့် နှစ်ဦးသေဆုံးသည်ဆိုသော အချက်ကို သတင်းစာရှင်းလင်းပွဲ၌ အတည်ပြု ပြောကြားသည်။

မီယာဂီနှင့် အီဝါတီဒေသများတွင် လှုပ်သွားသည့် ငလျင်ကြောင့် ဒါဇင်နှင့်ချီ၍ လူများ ဒဏ်ရာရရှိသွားကြောင်း ဒေသခံသတင်းစာများက ရေးသားသည်။

မြေငလျင်ကြောင့် တံတားတစ်စင်းပြိုကျသွားသည်ကို ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်သွားသည်။

တိုဟာကူးရှင်ကာဆန်ရထားလမ်းကြောင်းတစ်လျှောက်ရှိ နေရာအတော်များများတွင် ရထားပြေးဆွဲမှုကိုခေတ္တရပ်ဆိုင်းခဲ့ရပြီး မီယာဂီ အမြန်ရထားပြေးဆွဲခြင်းကိုလည်း ရပ်တန့်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာဒေသမြောက်ပိုင်း ဘိတ်လာဟီးယားမြို့ရှိအဆောက်အအုံတစ်ခု ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံ၌ ပြန်ပေးဆွဲခံရသည့် ရုပ်မြင်သံကြားအဖွဲ့ မှဓာတ်ပုံဆရာ ပြန်လည်လွတ်မြောက်လာ

မနီလာ ဇွန် ၁၃

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ပြန်ပေးဆွဲခံခဲ့ရသော ရုပ်မြင်သံကြားရိုက်ကူးရေး အဖွဲ့ဝင်သုံးဦးအနက် ကင်မရာဆရာတစ်ဦး ကံကောင်းထောက်မစွာ လွတ်မြောက်လာခဲ့ပြီး အခြားနှစ်ဦးကိုလည်း သောကြာနေ့တွင် လွတ်မြောက်လာမည်ဟုယူဆရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

၎င်းတို့အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ၏ နာမည်ကြီးနက်ဝက်ခ်ကုမ္ပဏီဖြစ်သည့် အေဘီအက်စ်-စီဘီအင်န်နက်ဝက်ခ်ကုမ္ပဏီမှဖြစ်ပြီး တနင်္ဂနွေနေ့တွင် ဂျိုလိုကျွန်းပေါ်၌ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ နာမည်ကြီး ပြန်ပေးအဖွဲ့ဖြစ်သည့် အဘူဆေယက်ဖ် အစ္စလာမ္မစစ်စစ်သွေးကြွများသည် ကျောက်ဆောင်ထူထပ်သည့် အဆိုပါကျွန်း၏ ကုန်းတွင်းပိုင်းတွင် စခန်းချထားသည်။

ဖမ်းဆီးထားသော ဓားစာခံများကို လွှတ်ပေးရန် ပြန်ပေးသမားများနှင့် စေ့စပ်ဆွေးနွေးလျက်ရှိကြောင်း ဂျိုလိုခေါင်းဆောင်များက အသံလွှင့်ဌာနတစ်ခု၏အင်တာဗျူးတွင်ပြောကြားခဲ့သည်။ ကင်မရာဆရာဖြစ်သူ အင်ဂီလိုဗယ်လ်ဒါရာမာသည် ကြာသပတေးနေ့ညပိုင်းတွင် လွတ်မြောက်လာခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုများအရ ၎င်းသည် ကျန်းမာစွာရှိကြောင်း တာဝန်ရှိသူများနှင့် သတင်းထောက်များက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။